## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ၈၄ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၀–၈–၂၀၁၅ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ရာတွင် အဘယ်ကြောင့် တိုးမြှင့်သတ်မှတ်သည့်လစာ ၄၅၀၀၀ိ/–အပေါ်တွင် မူတည်၍ တွက်ချက်သည်ကို သိလိုခြင်းနှင့် ၃၁–၃–၂၀၁၅ ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော လက်ရှိ အငြိမ်းစားများကို ၁–၄–၂၀၁၅ မှစ၍ နောက်ပိုင်း အငြိမ်းစားယူသည့် အငြိမ်းစားဝန်ထမ်းများနည်းတူ ထပ်မံ တိုးမြှင့်သည့် လစာနှုန်းထားများအပေါ်တွက်ချက်၍ ပင်စင်လစာ ခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **မြန်မာကျပ်ငွေ ဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများ အမေရိကန်ဒေါ်လာများနှင့် နှိုင်းယှဉ်ပါက မည်မျှတန်ဖိုးကျသင့်နေကြောင်းကို နေ့စဉ်မီဒီယာများမှ ပြောကြား ပေးရန်နှင့် မြန်မာကုန်သည်များအတွက် စီပွားရေးဆိုင်ရာ အချက်အလက်များ အထူးအစီအစဉ်အနေဖြင့် ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာ၊ သိပ္ပံနှင့် အခြား တက္ကသိုလ်များတွင် အကြောင်းအမျိုးမျိုးကြောင့် သင်တန်း ရပ်နားခဲ့ကြသည့် မဟာဘွဲ့၊ ပါရဂူဘွဲ့ တက်ရောက်ဆဲ တက္ကသိုလ် ကျောင်းသား/သူ၊ သင်တန်းသား/သူများအား ဆက်လက် ပညာ ဆည်းပူး တက်ရောက်ခွင့် ရှိ၊ မရှိသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကိုလက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဆောက်လုပ်ရေးဝန်ကြီးဌာနက **"လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနက **"အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၂။ **"အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၈၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။